# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်စျေးကွက်သတင်းလွှာ

September 16, 2019 — Volume 23, Number 11


**၁၆.၉.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၀၃ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၃၁၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၂/ကျပ် |
| CBM Rate | = ၁၅၃၁.၆/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၃.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၅.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၀၃.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၂၀.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၄.၃ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၆.၇၇ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၄၃၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၄၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၇.၇၈၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၁၅၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာလ ၁၄ ရက်နေ့ ၁၄း၀၀ နာရီတွင် ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကမ်းနားလမ်း၊ ရွှေဇမ္ဗူရေဗာဇျူးအိမ်ယာ ပထမထပ်၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပဲမျိုးစုံတင်ပို့မှုဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေး အထူးလုပ်ငန်းအဖွဲ့က အိန္ဒိယနိုင်ငံမှ မတ်ပဲနှင့်ပဲစင်းငုံအား Quota စနစ်ဖြင့်သာ တင်သွင်းခွင့်ပြုသည့်အတွက် ပြည်တွင်းဈေးနှုန်းများ ရသင့်ရထိုက်သည့် ဈေးထက်များစွာ လျော့နည်းနေသည့်အပေါ် လာမည့် အောက်တိုဘာလတွင် စိုက်ပျိုးချိန်ကျရောက်မည့် မတ်ပဲစိုက်ပျိုး ထုတ်လုပ်မှုကိစ္စနှင့် ပတ်သက်၍ စိုက်ပျိုးထုတ်လုပ်သူများကို အကြံပြုမည့်အချက်များဖော်ထုတ်ခြင်း၊ ၂၀၂၀ ခုနှစ် တစ်နှစ်လုံးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည့် အစီအမံများ ချမှတ်ခြင်းတို့နှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။ အစည်းအဝေးကို ၁၈း၀၀ နာရီတွင်ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကုန်စည်ဒိုင်များနှင့်ပဲစိုက်တောင်သူများ စုစုပေါင်း (၄၀) ဦးခန့် တက်ရောက်ကြသည်။

**Source: MOC -TIR**

## အခြေခံစပါးဈေးသုံးမျိုးကို ဆန်စပါးအသင်းချုပ်အဆိုပြုမည်

မြန်မာနိုင်ငံ၏ အခြေခံစပါးဈေးနှုန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ် (MRF)က ဈေးနှုန်းသုံးမျိုး အဆိုပြုတင်ပြမည်ဟု အသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။ စပါးတင်း ၁၀၀ လျှင် ကျပ်လေးသိန်းရှစ်သောင်း၊

ကျပ်ငါးသိန်းနှင့် ကျပ်ငါးသိန်းနှစ်သောင်းဟူ၍ ဈေးနှုန်းသုံးမျိုးကို အစိုးရထံတင်ပြရန် အသင်းချုပ်ကစီစဉ်နေသည်။ ဒီသုံးမျိုးထဲက အစိုးရအနေနဲ့ ကြိုက်တဲ့နှုန်းထားကို သတ်မှတ်နိုင်အောင်ပါဟု ဦးရဲမင်းအောင်ကပြောသည်။

စက်တင်ဘာ ၁၄ ရက်က မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီတွင် ပြုလုပ်သော မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အလုပ်အမှုဆောင်၊ ဗဟိုအလုပ်အမှုဆောင်များ အစည်းအဝေး၌ အဆိုပါဈေးနှုန်းများကို အစိုးရထံအဆိုပြုတင်ပြရန် ဆုံးဖြတ်ခဲ့သည်။ အသင်းချုပ်အဖွဲ့ဝင်များက ၂၀၁၈ မတ်လတွင် သတ်မှတ်ခဲ့သော အခြေခံ ရည်ညွှန်းဈေး ကျပ်ငါးသိန်းသတ်မှတ်ရေးကိုသာ လိုလားသည်ဟု ဦးရဲမင်းအောင်က ပြောသည်။ အခြေခံစပါးဈေးသတ်မှတ်ရခြင်းသည် တောင်သူလယ်သမားများ မိုးစပါးနှင့်နွေစပါးပေါ်ချိန်တွင် ဈေးနိမ့်ဝယ်ယူခြင်းမခံရစေရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။ အသင်းချုပ်အနေဖြင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်ထက် ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအကြား အကျိုး အမြတ်ပိုရရှိစေရန် ရည်ရွယ်သတ်မှတ်ခြင်းဖြစ်သည်ဟု ၎င်းကပြောသည်။

မိုးစပါးမပေါ်မီလာမည့် အောက်တိုဘာအတွင်း အခြေခံစပါးဈေးနှုန်းသတ်မှတ်နိုင်ရန် ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် အခြေခံဈေးနှုန်းများအပေါ် အခြေခံတွက်ချက်နေသည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောသည်။ အဲဒီမတိုင်ခင်မှာ ထုတ်လုပ်မှုကုန်ကျစရိတ်ရယ်၊ အခြေခံဈေးနှုန်းရယ်ကို သတ်မှတ်ပြီး ကြေညာပေးရမှာ ဖြစ်ပါတယ်ဟု ဦးအောင်ထူးကဆိုသည်။

ထုတ်လုပ်မှုကုန်ကျစရိတ်တွက်ချက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စာရင်းများအပေါ် အခြေခံမည်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားများနှင့် CSO အဖွဲ့များ၏ အကြံပြုချက်များ အပေါ်၌လည်း ထည့်သွင်းစဉ်းစားတွက်ချက်မည်ဟု ဒုဝန်ကြီးက ဖြည့်စွက်ပြောကြားသည်။ ယင်းသို့တစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် အခြေခံဈေးနှုန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ CSO များနှင့် တောင်သူလယ်သမား ကိုယ်စားလှယ်များ အကြံပြုချက်များအပေါ်အခြေခံ၍ ယခုလုပ်ငန်းကော်မတီမှတစ်ဆင့် ဦးဆောင်ကော်မတီထံသို့ တင်ပြမည်ဟု ဒုဝန်ကြီးကဆိုသည်။ ၂၀၁၈ မတ်လ ၆ ရက်က စပါးတင်း ၁၀၀ လျှင် အခြေခံဈေးနှုန်းကျပ်ငါးသိန်း သတ်မှတ်ဝယ်ယူမည် ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်ကြေညာသော်လည်း ယခုနှစ်တွင် ဦးဆောင်ကော်မတီကသာ အတည်ပြုပေးမည်ဖြစ်ကြောင်း ဦးအောင်ထူးက ဖြည့်စွက်ပြောသည်။

**Source:** https://7daydaily.com/story/166207

## ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံတို့အကြား ကုန်သွယ်ရေးတိုးမြှင့်ရန်စီစဉ်

ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မလေးရှားနိုင်ငံနှင့်နှစ်နိုင်ငံ ကုန်သွယ်မှု မြှင့်တင်ရန်အလို့ငှါ နှစ်နိုင်ငံစီးပွားရေး လုပ်ငန်းရှင်များအကြား စီးပွားရေးဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲများကို နောက်လတွင် ကျင်းပရန်စီစဉ်ခြင်းဖြင့် ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုဆိုင်ရာ အခက်အခဲအတားအဆီးများကို ဖယ်ရှားရန်ခြေလှမ်းပြင်ဆင်လျှက်ရှိပါသည်။ ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီး Mr.Jurin က Song Khla ခရိုင်တွင် ကျင်းပသော ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံသည့် ထိုင်းနှင့်မလေးရှားနိုင်ငံတို့အကြား နယ်စပ်ကုန်သွယ်မှုဆိုင်ရာ အခက်အခဲအတားအဆီးများနှင့်ပတ်သက်၍ ကျင်းပသော အစည်းအဝေးအပြီးတွင် ပြောကြားခဲ့ခြင်းဖြစ်ပါသည်။ အစည်းအဝေးသို့ ၎င်းနှင့်အတူ ပြည်ထဲရေးဌာန ဒုတိယဝန်ကြီး Nipon Bunyamanee နှင့် ပို့ဆောင်ရေးဌာန ဒုတိယဝန်ကြီး Thaworn Senneam တို့လည်းတက်ရောက်ခဲ့ကြပါသည်။ အစိုးရနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် တောင်ပိုင်းပင်လယ်ဖက်နေ ပြည်သူများ၏လူနေမှုနှင့် စီးပွားရေး တိုးတက်စေရန် အဓိကအခန်းကဏ္ဍဖြစ်သည့် နယ်စပ်ကုန်သွယ်ရေးတိုးမြှင့်စေရန် အထူးအလေးထား ဆောင်ရွက်လျက် ရှိပါသည်။ ယမန်နှစ်က ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံတို့၏ကုန်သွယ်မှုမှာ ခန့်မှန်းခြေတန်ဖိုး ဘတ်ငွေ (၈၀၃)ဘီလီယံရှိခဲ့ပြီး ယခုနှစ် ပထမ(၆)လအတွင်း ကုန်သွယ်မှုတန်ဖိုးမှာ ဘတ်ငွေ(၃၈၇) ဘီလီယံရှိခဲ့ပါသည်။ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုမှာ စုစုပေါင်းကုန်သွယ်မှု၏ (၇၀%)ရှိပါသည်။ ယမန်နှစ်က ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့၏ နယ်စပ်ကုန်သွယ်မှုမှာ တန်ဖိုး ဘတ်ငွေ (၅၆၈)ဘီလီယံကျော်ရှိခဲ့ပြီး ယခုနှစ် ပထမ(၆)လ အတွင်း နယ်စပ်ကုန်သွယ်မှုတန်ဖိုးမှာ ဘတ်ငွေ(၂၇၁) ဘီလီယံရှိခဲ့ ပါသည်။ Mr.Jurin ဦးဆောင်၍ အရာရှိများ လိုက်ပါကာ အကောက်ခွန် နှင့်လူဝင်မှုကြီးကြပ်ရေးတို့၏ Sadao ခရိုင်ရှိ ဒုတိယစစ်ဆေးရေးဂိတ်အား သွားရောက်၍ နယ်စပ်ဖြတ်ကျော်ဂိတ် ပြည့်ကြပ်နေမှုကိစ္စကိုကူညီပေးရန်နှင့် လက်ရှိ လုပ်ငန်း ဆောင်ရွက်နေမှု များကို သွားရောက်စစ်ဆေးခဲ့ပါသည်။ ၎င်းက Sadao ခရိုင်ရှိ လက်ရှိစစ်ဆေးရေးဂိတ်မှာ အကောက်ခွန် ယာဉ်တန်းများဖြင့် ပိတ်ဆို့ကြပ်တည်းနေကြောင်း၊ ၎င်းမှာ ကုန်စည်နှင့်ခရီးသွားများကို ပိတ်ဆို့နှောင့်ယှက်ဟန့်တားမှုကို ဖြစ်ပေါ်စေကြောင်း၊ သို့ဖြစ်၍ အစည်းအဝေးတွင် ပထမအဆင့်အနေဖြင့် လူဝင်မှုကြီးကြပ်ရေး အင်အားကိုနှစ်ဆတိုး၍

(၁၀၀)ဦးတိုးမြှင့်ချထားရန်နှင့် စစ်ဆေးရေးဂိတ်လမ်းအား (၄)လမ်းသွားမှ (၆)လမ်းသွား သို့ တိုးချဲ့ရန်ဆုံးဖြတ်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ ဆက်လက်ပြီး ၎င်းက ထိုင်းနှင့်မလေးရှားတို့အနေဖြင့် ယာဉ်ကြောပိတ်ဆို့ကြပ်တည်းမှုကိုလျှော့ချနိုင်ရန် စမ်းသပ်မှုကာလတစ်နှစ်အတွက် စစ်ဆေးရေးဂိတ်အား (၂၄) နာရီဖွင့်လှစ်ရန် သဘောတူခဲ့ကြသော်လည်း စစ်ဆေးရေးဂိတ်၌ ရုံးချိန်နောက်ပိုင်းတွင် မလေးရှားအစား အသောက်နှင့်ဆေးဝါးကွပ်ကဲရေးအဖွဲ့မှ အရာရှိများမရှိ၍ မလေးရှားသို့ ထိုင်းစားသောက်ကုန်များတင်ပို့မှုမှာ နှေးကွေးလျှက်ရှိကြောင်းပြောကြားခဲ့ပါသည်။ Songkhla အုပ်ချုပ်ရေးမှူးမှ ပြည်နယ်ကျန်းမာရေးဌာနသို့ အရာရှိများစေလွှတ်ပေး၍ အဆိုပါပြဿနာကို ဖြေရှင်းပေးရန်ပြောကြားခဲ့ကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။ ၎င်းက ထိုင်းနှင့်မလေးရှားနှစ်နိုင်ငံအကြား လမ်းတည်ဆောက်မှုဆက်သွယ်ရေးကိစ္စအပေါ် ကွဲပြားသောအမြင်များရှိနေသော်လည်း Sadao ရှိ ဒုတိယစစ်ဆေးရေးဂိတ်အား နောက်လတွင်ပြီးစီးရန်မျှော်လင့်ကြောင်း၊ သို့ရာတွင် နှစ်နိုင်ငံ ကွဲပြားသောအမြင်များအကြား ပြောကြားရန်ခက်ခဲသော်လည်း နောက်ဆုံးတွင်အဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန် ၎င်းကပြောကြားခဲ့ပါသည်။ အစည်းအဝေး တွင် ထိုင်းနှင့်မလေးရှားနိုင်ငံတို့၏ နယ်စပ်ကုန်သွယ်မှု တန်ဖိုးမြှင့်တင်ရန် အစီအမံများကိုလည်း ဆွေးနွေးခဲ့ကြကြောင်း၊ မလေးရှားနိုင်ငံ၏ မြောက်ပိုင်းပြည်နယ်(၅)ခုမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ထိုင်းစီးပွားရေး လုပ်ငန်းရှင်များ၊ တောင်ပိုင်းနယ်စပ်ပြည်နယ်(၅)ခုမှ ပြည်ပပို့ကုန်လုပ်ငန်းရှင်များတွေ့ဆုံဆွေးနွေးပွဲကို စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးစီး၍ အောက်တိုဘာလကုန် (သို့မဟုတ်) နိုဝင်ဘာလ ဆန်းတွင် ကျင်းပရန်သဘောတူခဲ့ကြောင်း၊ ၎င်းနောက် ဝန်ကြီးဌာနမှ စီးပွားရေးတွေ့ဆုံပွဲကို ရက်သတ်မှတ်ပေးလိမ့်မည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ အစည်းအဝေးတွင် မလေးရှားနိုင်ငံမှ စားအုန်းဆီများအား ထိုင်းနိုင်ငံကိုဖြတ်ကျော်၍ အိမ်နီးခြင်းနိုင်ငံများဖြစ်သော လာအိုနှင့်မြန်မာနိုင်ငံများသို့ တင်ပို့ရေးကိစ္စများလည်းပါဝင်ကြောင်း၊ သို့ရာတွင် ပြည်တွင်းကုန်သွယ်မှုဌာန၏ တွေ့ရှိချက်အရ အချို့ကိစ္စရပ်များ၌ အဆိုပါ တင်သွင်းသူများအနေဖြင့် စားအုန်းဆီများကို အကောက်ခွန်တွင် ကြေငြာထားသည့်အတိုင်း သက်ဆိုင်ရာနိုင်ငံများသို့ တင်ပို့ခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း၊ ၎င်းတို့အနေဖြင့် ပြည်တွင်း၌ရောင်းချရန်သိမ်းဆည်းထားကြကြောင်း၊ ၎င်းမှာ စားအုန်းဆီစျေးနှုန်းကို ကျဆင်းစေကြောင်း၊ ဌာနအနေဖြင့် အရေးယူဆောင်ရွက်ရန်ဖြစ်ကြောင်း ၎င်းကပြောကြား ခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် အစိုးရပြောရေးဆိုခွင့်ရှိသူ Narumon က ဝန်ကြီးချုပ်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်မက်လုံးများ၊ အထူးအခွင့်အရေးများကို စဉ်းစားသောအခါ အမျိုးသားအကျိုးစီးပွားကို ဦးစားပေးရန် ပြောကြားခဲ့ကြောင်းဖြင့် သူမကပြောကြားခဲ့ပါသည်။ သူမက စက်မှုဝန်ကြီး Suriya ၏ ဗီယက်နမ်ခရီးစဉ်တွင် ထိုင်းဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် ထိုင်းရင်းနှီးမြှုပ်နှံသူများနှင့်တွေ့ဆုံခဲ့သည့် ခရီးစဉ်ရလာဒ်များကို ဝန်ကြီးချုပ်အားတင်ပြခဲ့မှုအပြီးတွင် ဝန်ကြီးချုပ်ကပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် များပြားလှသည့်အခြေခံအဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများနှင့် ထိုင်းအစိုးရ၏ စီးပွားရေးအားပေးလှုံ့ဆော်သည့် အစီအမံများအတွက်ဘတ်ငွေ (၃၁၆)ဘီလီယံကို အစိုးရမှ ခွင့်ပြုပေးခဲ့ပြီးနောက် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ယုံကြည်မှုရှိလာကြကြောင်း၊ သို့ရာတွင် ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို မက်လုံးများနှင့် အထူးအခွင့်အရေးများပေး၍ ဆွဲဆောင်ရာ၌ အမျိုးသားအကျိုးစီးပွားကိုဦးစားပေးရန် အရေးကြီးကြောင်း၊ ယခုအစီအမံများဖြင့် အောက်ခြေအဆင့်စီးပွားရေးကို အထောက်အကူပြုရန်နှင့် ဝင်ငွေဖြန့်ခွဲမှုတို့ကိုဖြစ်ပေါ်စေသလို SMEs လုပ်ငန်းရှင်များကိုလည်း စက်မှုဆိုင်ရာထောက်ပံ့ဖြည့်ဆည်းရေး (Industry Supply Chain) အပိုင်းများတွင် ပိုမိုပါဝင်လာစေရေး အခွင့်အလမ်းသစ်များကို ဖြစ်ပေါ်စေမှာဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

**Source: စီးပွားရေးသံမှူး-ဘန်ကောက်**

## ထိုင်းပြည်ပတင်ပို့သူများအနေဖြင့် ပို့ကုန်ပိုမိုတင်ပို့နိုင်ရေး ထိန်းသိမ်းဆောင်ရွက်နေ

ဇူလိုင်လ၌ မမျှော်လင့်ဘဲ ပို့ကုန်တင်ပို့မှုမြင့်တက်ခဲ့သော်လည်း ထိုင်းပြည်ပ ဘော်ာတင်ပို့သူများအနေဖြင့် ယခုနှစ်အတွက် ပို့ကုန် (၁%)လျော့နည်းမည်ဟု ဆက်လက်ခန့်မှန်းထားကြောင်း သိရှိရပါသည်။ ထိုင်းအမျိုးသားသင်္ဘောတင်ပို့သူများကောင်စီဥက္ကဋ္ဌ Ghanyapad Tantipipatpong က ကုန်သွယ်ရေးစစ်ပွဲ၏ ရိုက်ခတ်မှုကြောင့် ကမ္ဘာ့စီးပွားရေး နှေးကွေးမှု၊ Brexit ကိစ္စ၊ နိုင်ငံတကာ နိုင်ငံရေးပဋိပက္ခ၊ ဘတ်ငွေတန်ဖိုးမြင့်တက်မှု၊ ဩဇာရှိသူများနှင့် သဘာဝဘေးအန္တရာယ်များကြောင့် မသေမချာမရေရာသော ငွေကြေးဆိုင်ရာမူဝါဒများကြောင့် ပြည်ပပို့ကုန်တင်ပို့မှုများမှာ စိန်ခေါ်မှုမျိုးစုံနှင့်ရင်ဆိုင်နေရကြောင်း သူမကပြောကြားခဲ့ပါသည်။ ရွှေအားသွင်းကုန်တင်သွင်းသူများက ယုံကြည်စိတ်ချရသော ပိုင်ဆိုင်မှု ပစ္စည်းအဖြစ်စုဆောင်းလာကြသကဲ့သို့ တိုင်းပြည်အတွက် ပြည်ပတင်ပို့ကုန်ပစ္စည်းတစ်ခုအဖြစ် အားထားရသည့်ကုန်ပစ္စည်းအမည်တစ်ခုဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား သွင်းကုန်အခွန်ထပ်မံ တိုးမြှင့်လိုက်သည့် ပစ္စည်းများအား တိုးမြှင့်တင်သွင်းရန်၊ အထူးအားဖြင့် လျှပ်စစ်အသုံးအဆောင် ကရိယာတန်ဆာပလာများနှင့် ကွန်ပျူတာများဖြစ်ကြောင်း၊ ၎င်းတို့မှာ

ထိုင်းပြည်ပသဘော်ာတင်ပို့မှုအတွက် ကောင်းမွန်လိမ့်မည်ဖြစ်ကြောင်း၊ တစ်ချို့သော ထိုင်းပြည်ပတင်ပို့ကုန်ပစ္စည်းများအနက် လယ်ယာထွက်ကုန်များ၊ အစားအစာနှင့် လူမှုအသုံးအဆောင်များမှာ အပေါင်းလက္ခဏာဖြင့် တိုးတက် လာကြောင်း၊ သို့ရာတွင် ကုန်သွယ်ရေးစစ်ပွဲကြောင့် ကျဆင်းနေသောရေနံဈေးနှုန်းနှင့် ကမ္ဘာ့စီးပွားရေးနှေးကွေးမှုတို့ကြောင့် ဝယ်လိုအား ကျဆင်းနေမှုက ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့်ထုတ်လုပ်သူများအတွက် လုပ်ငန်းကုန်ကျစရိတ်နှင့် ထုတ်လုပ်မှုကုန်ကျစရိတ်ကို ကျဆင်းစေကြောင်း သူမကပြောကြားခဲ့ပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပထမ(၅)လအတွင်း သြဂုတ်လ၌ ပြည်ပသဘော်ာတင်ပို့မှုမှာ မယုံကြည်နိုင်လောက်အောင်တိုးတက်ခဲ့ကြောင်း၊ ၎င်းမှာနှစ်အလိုက်တွင် ဇွန်လ၌ (၂.၂%)၊ မေလတွင် (၅.၈%)၊ ဧပြီလတွင် (၂.၆%)၊ မတ်လတွင်(၄.၉%) ရှိခဲ့ပြီးနောက် ယခုဇူလိုင်လ၌ ယမန်နှစ်အလားတူ ကာလထက်(၄.၃%)တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၂၁.၂)ဘီလီယံရှိကြောင်း အစီရင်ခံတင်ပြခဲ့ပါသည်။ ပို့ကုန်တင်ပို့မှုများမှာ အဓိကကုန်သွယ်ဖက်နိုင်ငံများဖြစ်သော အမေရိကန်အပါအဝင်၊ ဂျပန်၊ဟောင်ကောင်၊ ထိုင်ဝမ်နှင့်တရုတ်နိုင်ငံများသို့ ပို့ကုန်တင်ပို့မှုတိုးတက်ခဲ့ကြောင်း၊ အထူးသဖြင့် လတ်ဆတ်၊အေးခဲနှင့်ပြုပြင် ထုတ်လုပ်ထားသော သစ်သီးများနှင့် မော်တော်ကားများဖြစ်ကြောင်းသိရှိရပါသည်။ လယ်ယာထွက်ကုန်များနှင့် လယ်ယာစက်မှုထွက်ကုန်များတင်ပို့မှုများလည်း ဇွန်လတွင် (၉%)ကျဆင်းခဲ့ရပြီးနောက် (၁.၄%) တိုးတက်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၃.၄၅)ဘီလီယံရှိကြောင်း၊ တိုးမြှင့်တင်ပို့နိုင်ခဲ့သည့် ထိပ်တန်းပို့ကုန်များနှင့် ရာခိုင်နှုန်းများမှာလတ်ဆတ်၊ အေးခဲနှင့်ပြုပြင်ထားသောသစ်သီးများ (+၂၆.၁%)၊ ရာဘာ(+၉.၆%)၊ ပီလောပီနံ (+၈.၇%)၊ လတ်ဆတ်၊အေးခဲနှင့် ပြုပြင်ထားသောပုဇွန်(+၇.၃%)တို့ဖြစ်ကြောင်း သိရှိရပါသည်။ သို့ရာတွင် အချို့သောပို့ကုန်များမှာ တင်ပို့မှုကျဆင်းခဲ့ကြောင်း၊ တင်ပို့မှုကျဆင်းခဲ့သည့် ပို့ကုန်များနှင့် ရာခိုင်နှုန်းများမှာ ဆန်(-၂၇.၂%)၊ သကြား(-၂၅.၄%)နှင့် စည်သွပ်တူနာငါး(-၁၃.၆%)တို့ဖြစ်ကြောင်း သိရှိရပါသည်။ ၂၀၁၉ ခုနှစ် ပထမ(၇)လအတွင်း လယ်ယာထွက်ကုန်နှင့် လယ်ယာစက်မှုထုတ်ကုန်များတင်ပို့မှုမှာ (၁.၇%)ကျဆင်းခဲ့ကြောင်း၊ စက်မှုထုတ်ကုန်များတင်ပို့မှုမှာ ဇူလိုင်လတွင် အပေါင်းလက္ခဏာဆောင်နေဆဲဖြစ်ကြောင်း၊ ဇွန်လ တွင် (၁.၀၄%)ရှိခဲ့ပြီးနောက် ဇူလိုင်လတွင် (၆%)သို့ တိုးမြှင့်ခဲ့ကြောင်း၊ ဇူလိုင်လတွင် အဓိက ထိပ်တန်းပို့ကုန်များနှင့် တိုးတက်မှုရာခိုင်နှုန်းများမှာ ရွှေ(+၄၀၆.၉%)၊ အလှကုန်၊ ဆပ်ပြာ၊ အသားအရေထိန်းသိမ်းသည့်ကုန်ပစ္စည်းများ(+၁၇%)နှင့် လေအေးပေးစက်များ (+၄.၂%)တို့ ဖြစ်ကြောင်း သိရှိရပါသည်။ တစ်ချို့သော စက်မှုထုတ်ကုန်ပစ္စည်းများမှာ တင်ပို့မှုကျဆင်းခဲ့ကြောင်း၊ ကျဆင်းခဲ့သော အမည်များနှင့် ရာခိုင်နှုန်းများမှာ ရေနံဆိုင်ရာထုတ်ကုန်များ (-၁၄.၂%)၊ ကွန်ပျူတာနှင့်အစိတ်အပိုင်းများ(-၅.၉%)၊ မော်တော်ကားနှင့်အစိတ်အပိုင်းများ (-၂.၉%)တို့ဖြစ်ကြောင်း သိရှိရပါသည်။ ၂၀၁၉ ခုနှစ် ပထမ(၇)လ တွင် စက်မှုထုတ်ကုန်တင်ပို့မှု (၁.၄%) ကျဆင်းခဲ့ပါသည်။ သွင်းကုန် တင်သွင်းမှုအနေဖြင့် နှစ်အလိုက်တွင် ဇူလိုင်လ၌ (၁.၇%)မြင့်တက်ခဲ့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ (၂၁.၀၉)ဘီလီယံရှိသော်လည်း ကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ (၁၁၀)သန်းရှိခဲ့ပါသည်။ ပထမ(၇)လအတွက် ပို့ကုန်တင်ပို့မှုမှာ ယမန်နှစ်ကာလတူထက် (၁.၉%)ကျဆင်းခဲ့ပြီး အမေရိကန်ဒေါ်လာ (၁၄၄) ရှိခဲ့ပြီး ၎င်းပထမ(၇)လတာအတွက် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ (၄.၀၅၃) ဘီလီယံ ရှိခဲ့ကြောင်း သိရှိရပါသည်။ Mr.Ghanyapad က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနများအနေဖြင့် အိန္ဒိယနိုင်ငံနှင့်ပိုမိုထိတွေ့ဆက်ဆံသင့်ကြောင်း၊ အထူးအားဖြင့် ရာဘာနှင့်ရာဘာထုတ်ကုန်များ၊ အစားအစာ၊ အဖိုးတန်ကျောက်မျက်ရတနာများ၊ လျှပ်စစ်အသုံးအဆောင်ပစ္စည်းကရိယာတန်ဆာပလာများ၊ ပက်ဖြန်းဆေးနှင့် ဓါတုဗေဒပစ္စည်းများအတွက်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ သဘော်ာတင်ပို့သူများကောင်စီအနေဖြင့် ပြည်ပသဘော်ာတင်ပို့သူများအား ထိုင်းနှင့်အိန္ဒိယ FTA ဆိုင်ရာ အခွင့်အရေးများကို အကောင်းဆုံးအသုံးချသင့်ကြောင်းနှင့် ထိုင်းနှင့်သိရိလင်္ကာနိုင်ငံတို့အကြား လွတ်လပ်သောကုန်သွယ်မှုဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးပြောဆိုမှုများကို အရှိန်မြှင့်တင်ဆောင်ရွက်သင့်ကြောင်းပြောကြားခဲ့ပါသည်။

**Source: စီးပွားရေးသံမှူး-ဘန်ကောက်**

## အမေရိကန်နှင့်ကုန်စည်ကုန်သွယ်မှုတွင် အီးယူအသာစီးရနေသော်လည်း တရုတ်နှင့်ကုန်သွယ်မှုတွင် လိုငွေပြလျက်ရှိ

ဥရောပသမဂ္ဂအနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် ကုန်စည်ကုန်သွယ်မှုအပိုင်းတွင် အသာစီးရလျက်ရှိနေသော်လည်း တရုတ်နိုင်ငံနှင့် အီးယူအကြားကုန်စည်ကုန်သွယ်မှုတွင် လိုငွေပြမှုပိုမိုများပြားလျက်ရှိနေပြီး၊ အဆိုပါ အခြေအနေ နှစ်ရပ်စလုံးမှာ ၂၀၁၉ ခုနှစ်၏ ပထမ (၇)လအတွင်း တိုးတက်လာခဲ့ကြောင်း သိရှိရပါသည်။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအတွင်း အီးယူ၏ အမေရိကန်ပြည်ထောင်စုနှင့် ကုန်စည်ကုန်သွယ်မှုမှာ ယူရို ၉၀.၉ ဘီလီယံရှိခဲ့ကြောင်း၊ ယခင်နှစ်အလားတူကာလတွင် အီးယူ-အမေရိကန် ကုန်စည် ကုန်သွယ်မှုမှာ ယူရို ၈၀ ဘီလီယံရှိခဲ့သဖြင့် ယခုနှစ်၏ ပထမ (၇)လအတွင်း အီးယူဘက်မှ ကုန်သွယ်မှုအသာစီးရခဲ့ခြင်းဖြစ်ကြောင်း ဥရောပစာရင်းအင်းအဖွဲ့အစည်း Eurostat မှ ထုတ်ပြန်ခဲ့သည်ဟု သိရှိရပါသည်။ အီးယူအနေဖြင့် တရုတ်နိုင်ငံနှင့်ကုန်သွယ်မှုတွင် လိုငွေပြမှုပမာဏမှာ ယူရို ၉၈.၆ ဘီလီယံမှယူရို ၁၀၉.၂ ဘီလီယံသို့

ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအတွင်း အီးယူအဖွဲ့ဝင် (၂၈)နိုင်ငံ၏ ကုန်စည်ကုန်သွယ်မှုမျှခြေအနေအထားမှာ ယူရို ၁၀.၂ ဘီလီယံ လိုငွေပြခဲ့ခြင်းဖြစ်ပြီး၊ ပြီးခဲ့သည့်နှစ်က ၂.၀ ဘီလီယံ ယူရိုသာရှိခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။ အီးယူ၏ ကုန်စည်ကုန်သွယ်မှုတွင် လိုငွေပြရခြင်း၏ အဓိကအကြောင်းရင်းမှာ စွမ်းအင်တင်သွင်းမှုကြောင့်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် နှစ်အလိုက်နှိုင်းယှဉ်ချက်အရ ယူရိုဇုန် (၁၉)နိုင်ငံ၏ ပို့ကုန်တင်ပို့မှုမှာ ၆.၂ ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီး၊ သွင်းကုန်တင်သွင်းမှုတွင် ၂.၃ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ ထို့ကြောင့် ယူရိုဇုန် (၁၉)နိုင်ငံ၏ ကုန်သွယ်မှု ပိုငွေပြမှုမှာ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လအထိကာလတွင် ယူရို ၁၆.၉ ဘီလီယံရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် ယူရို ၂၄.၈ ဘီလီယံသို့ တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ လအလိုက်နှိုင်းယှဉ်ချက်တွင်လည်း ပြီးခဲ့သည့်ဇွန်လအတွင်းက ယူရိုဇုန်၏ကုန်သွယ်မှုပိုငွေမှာ ၁၇.၇ ဘီလီယံရှိခဲ့ရာမှ ဇူလိုင်လတွင် သွင်းကုန်တည်ငြိမ်မှုရှိခဲ့ပြီး ပို့ကုန်တိုးတက်မှု ၀.၆ ရာခိုင်နှုန်းရှိခဲ့သဖြင့် ယူရို ၁၉ ဘီလီယံသို့ တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## တရုတ်က စပါးဝယ်ရန် တရားဝင်ကမ်းလှမ်း



နယ်စပ်ကုန်သွယ်ရေးဖြင့် မြန်မာနိုင်ငံမှစပါးဝယ်ယူရန် ယူနန်ပြည်နယ် အစိုးရကကမ်းလှမ်းထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။ အစိုးရသဘောတူညီမှုဖြင့် တရားဝင်ဝယ်ယူပါက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့်အသင်းအဖွဲ့များက ကန့်ကွက်ရန်မရှိဟု ၎င်းက ဆိုသည်။စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အချိန်ကာလနှင့် အရေအတွက်ထိန်းပြီး တရားဝင်တင်ပို့ခွင့်ပြုရန် ဝန်ကြီးဌာနက အစီအစဉ်ရှိကြောင်း အဆိုပါဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။ ယူနန်အစိုးရ ကမ်းလှမ်းမှုကိုလက်ခံပြီး စပါးတင်ပို့ခွင့်ပြုပါက ပမာဏသတ်မှတ်အရောင်းအဝယ်လုပ်ရန် လိုအပ်သည်ဟု ဦးရဲမင်းအောင်ကပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ယူနန်ပြည်နယ်သို့ နယ်စပ်မှ ဆန်တင်ပို့နေသဖြင့် စပါးတန်ချိန် တစ်သိန်း တရားဝင်ဝယ်ယူလျှင် ဆန်တန်ချိန်တစ်သိန်း ဝယ်ယူရမည်ဆိုခြင်းကို ၎င်းကဆိုလိုခြင်းဖြစ်သည်။ စပါးတင်ပို့ခွင့်က တောင်သူတွေလည်း အကျိုးအမြတ်ရှိမယ်။ ဈေးကွက်လည်းရှိတော့ ရောင်းချနိုင်မယ့်သဘောပါဟု ဦးရဲမင်းအောင်ကရှင်းပြသည်။ ပြည်တွင်း၌ ယမန်နှစ် ဆန်လက်ကျန် နှိချိန်တစ်သန်းကျော် ပိုရှိပြီး နွေစပါးအသစ်ပေါ်ချိန်တွင် စပါးဈေးကျဆင်း နသည်။ ပြည်တွင်းစပါးဈေးနှုန်းကျဆင်းမှုသည် ဝယ်လိုအားနည်းခြင်းကြောင့်ဖြစ်ပြီး ပြည်ပနိုင်ငံများက ဝယ်ယူရန်ကမ်းလှမ်းပါက ရောင်းချနိုင်မည်ဟု ၎င်းကဆိုသည်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံမှစပါးကို ၂၀၁၈ မိုးစပါးပေါ်ချိန်က လယ်ကွင်းထဲ အရောက်ဆင်းပြီး တရားမဝင်ဝယ်ယူမှုများရှိခဲ့သည်။ ပေါက်ဈေးထက်ပိုပေးပြီး တင်း ၁၀၀ လျှင် ကျပ်ခြောက်သိန်းခွဲခန့်ဖြင့် ဝယ်ယူခြင်းဖြစ်သည်။ သို့သော် တရားမဝင်ဝယ်ယူမှုကြောင့် ရှမ်းပြည်နယ် နမ့်ခမ်းမြို့တွင် ဌာနပေါင်းစုံပူးပေါင်းအဖွဲ့က စပါးတင်ပို့သည့် ခြောက်ဘီးယာဉ် ၁၇ စီးကို ဖမ်းဆီးပြီးနောက်ပိုင်း တရုတ်ကုန်သည်များက စပါးအဝယ်ရပ်သွားကြောင်း ပဲခူးတိုင်းရှိ လယ်သမားအချို့ကပြောသည်။

တရုတ်နိုင်ငံသို့ တရားမဝင် စပါးတင်ပို့မှုကို ဖမ်းဆီးခြင်းကြောင့် ပြည်တွင်းတွင် မိုးစပါး တင်း ၁၀၀ လျှင် ၂၀ ရာခိုင်နှုန်းခန့်ဈေးကျခဲ့ကြောင်း ပဲခူးတိုင်းအရှေ့ ဆန်စပါးအသင်းတာဝန်ရှိသူအချို့ကပြောသည်။ လက်ရှိတရားဝင် စပါးတင်ပို့ခွင့်ပြုပေးလျှင် ယခင်ကဲ့သို့ ဝယ်ယူမည့် ကုန်သည်များရရှိရန် မလွယ်သေးကြောင်း ၎င်းတို့ကပြောသည်။

**Source:** https://7daydaily.com/story/166209

## လက်လီ၊ လက်ကားမှတ်ပုံတင်မရှိပါက သွင်းကုန်လိုင်စင်ခြောက်မျိုး တင်သွင်းခွင့်ပြုမည်မဟုတ်ဟု စီးပွား/ကူးသန်း သတင်းထုတ်ပြန်

လက်လီ၊ လက်ကားမှတ်ပုံတင် လျှောက်ထားခြင်းမရှိပါက စက်တင်ဘာ ၁၁ ရက် နောက်ပိုင်းတွင် ဓာတ်မြေဩဇာ အပါအဝင် ကုန်ပစ္စည်းခြောက်မျိုးကို တင်သွင်းခွင့်လိုင်စင် ထုတ်ပေးမည်မဟုတ်ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ ဓာတ်မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ ဆေးရုံသုံးကိရိယာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းနှင့်လယ်ယာသုံးစက်ကိရိယာ ကုန်စည်ခြောက်မျိုးတင်သွင်းနေသူများ လက်လီ၊

လက်ကားမှတ်ပုံတင်လျှောက်ထားပြီး ခွင့်ပြုချက်ရရှိမှသာ သွင်းကုန်လိုင်စင်ထုတ်ပေးမည်ဟု ဝန်ကြီးဌာနလက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောကြားသည်။ စနစ်တကျဖြစ်အောင် ပြန်လည်ပြင်ဆင်လိုက်တာပါ။ ပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့အတွက်လည်း အချိန်သတ်မှတ်ပေးထားပါတယ်ဟု ဦးခင်မောင်လွင်ကရှင်းပြသည်။

နိုင်ငံခြားသားများ၊ နိုင်ငံခြားသားနှင့် နိုင်ငံသားဖက်စပ်ကုမ္ပဏီများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ၂၀၁၅ ခုနှစ်မှစတင်ပြီး အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ကုန်ပစ္စည်းခြောက်မျိုးကိုခွင့်ပြုပေးခဲ့သည်။ ထိုသို့ တင်သွင်းခွင့်ပြုရာတွင် စည်းကမ်းသတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များ ချမှတ်မှုအားနည်းခဲ့သည်။ လက်လီ၊ လက်ကားမှတ်ပုံတင်တွင် ရင်းနှီးမြှုပ်နှံမှုသတ်မှတ်ချက်များ၊ ရောင်းချသည့်အရောင်းဆိုင်များ၊ သိုလှောင်ရုံများရှိရမည်ဆိုသည့် သတ်မှတ်ချက်များပါရှိသဖြင့် စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုသို့ စည်းမျဉ်း၊ သတ်မှတ်ချက်များဖြင့် ဆောင်ရွက်ရန်အတွက် နိုင်ငံခြားသွင်းကုန်လုပ်ငန်းရှင်များ၊ ဖက်စပ်ကုမ္ပဏီများကို အချိန်သုံးလပေးပြီး ပြောင်းလဲမှုများပြုလုပ်ရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့သည်။

လက်လီ၊ လက်ကား မှတ်ပုံတင်ပြောင်းလဲရာတွင် လိုအပ်သောရင်းနှီးမြှုပ်နှံမှု ငွေကြေးဖြည့်တင်းခြင်းကို သွင်းကုန်ကုမ္ပဏီများဆောင်ရွက်နိုင်ရန် ဖြေလျှော့မှုများပေးထားသည်။ ရင်းနှီးမြှုပ်နှံမှုအတွက် ငွေကြေးဖြည့်တင်းရန် ကာလတစ်ခုသတ်မှတ်ပြီးဆောင်ရွက်ပါက သွင်းကုန်လိုင်စင်ထုတ်ပေးမည်ဖြစ်ကြောင်း ဦးခင်မောင်လွင်ကရှင်းပြသည်။ ကုန်ပစ္စည်းခြောက်မျိုးတင်သွင်းလိုသူများ လက်လီ၊ လက်ကားမှတ်ပုံတင်ပြောင်းလဲရန် စီးပွားကူးသန်းဝန်ကြီးဌာနက မေ လ ၂၁ ရက်မှ ဩဂုတ် ၁၈ ရက်အထိ သုံးလသတ်မှတ်ပေးခဲ့သည်။ ထို့အပြင် သတ်မှတ်ကာလကျော်လွန်သော်လည်း လက်လီ၊ လက်ကားမှတ်ပုံတင်ရန်လျှောက်ထားပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ပြောင်းလဲဆောင်ရွက်ပေးမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ဖော်ပြထားသည်။

**Source:** https://7daydaily.com/story/166191

## ဆော်ဒီရေနံချက်စက်ရုံတွေ တိုက်ခိုက်ခံရမှုကြောင့် ရေနံဈေးတွေမြင့်တက်ဖွယ်ရှိ



စက်တင်ဘာ ၁၄ ရက်က ဆော်ဒီရေနံစက်ရုံတွေ ဒရုန်းယာဉ်တွေနဲ့တိုက်ခိုက်ခံရပြီး မီးလောင်ကျွမ်းခဲ့မှုက ယင်းနိုင်ငံရဲ့ ရေနံထုတ်လုပ်မှုကို အကြမ်းဖျင်းအားဖြင့် ထက်ဝက်မျှလျော့ကျသွားစေခဲ့ဖွယ်ရှိတဲ့အတွက် ကမ္ဘာ့ရေနံဈေးတွေလည်း မြင့်တက်လာဖွယ်ရှိနေတယ်လို့သိရပါတယ်။ ခုလိုတိုက်ခိုက်ခံရမှုကြောင့် နိုင်ငံရဲ့ရေနံထုတ်လုပ်မှုအပေါ် ဘယ်လောက်အတိုင်းအတာအထိ ထိခိုက်ပျက်စီးသွားစေခဲ့သလဲဆိုတာကို ဆော်ဒီအာဏာပိုင်တို့က ထုတ်ပြန်ခြင်းမရှိသေးပါတယ်။ ဒါပေမယ့်လည်း လုပ်ငန်းတွင်းသတင်းရင်းမြစ်တွေရဲ့အဆိုအရ တစ်နေ့လျှင် ရေနံစည်ပေါင်း ငါးသန်းကနေ ခြောက်သန်းအကြား သို့မဟုတ် ကမ္ဘာ့ရေနံဈေးကွက်တွင်း ဖြည့်သွင်းမှုစုစုပေါင်းရဲ့ ၅ ရာခိုင်နှုန်းကနေ ၆ ရာခိုင်နှုန်းကို ထိခိုက်စေခဲ့ကြောင်းဆိုနေကြပါတယ်။

အိုပက်အုပ်စုရဲ့ ဦးဆောင်သူဖြစ်ပြီး အကြီးဆုံးရေနံထုတ်လုပ်သူလည်းဖြစ်တဲ့ ဆော်ဒီကတော့ ကမ္ဘာ့ရေနံဈေးကွက်တွင်း ကြိုတင်မမှန်းထားတဲ့ အကြောင်းကိစ္စတစ်ခုခုရှိလာလို့ ဈေးကွက်ကိုတည်ငြိမ်အောင်ထိန်းဖို့ လိုအပ်မှုတွေရှိလာချိန် ခုသာခံသာရှိစေရန် အဆင့်သင့်ဖြည့်ဆည်းနိုင်စွမ်းရှိ ထုတ်လုပ်သူအဖြစ် ရှုမြင်ခံထားရသူဖြစ်တဲ့အတွက် ယခုတိုက်ခိုက်ခံရမှုက ထိခိုက်မှုကြီးမားဖွယ်ရှိနေပါတယ်။ လုပ်ငန်းတွင်းသတင်းရင်းမြစ်တွေကတော့ ဆော်ဒီအာရေဗျအနေနဲ့ ထုတ်လုပ်မှု

တွေကို ရက်ပိုင်းအတွင်း ပြန်လည်ဖြည့်ဆည်းနိုင်မယ်လို့ပြောနေကြပါတယ်။

**Source:**https://www.channelnewsasia.com/.../saudi-oil-facilities-atta...

SFJ Strategy First Journal

## ဥရောပသို့ ရွှေဆိုင်းတင်ပို့ခြင်းနှင့် မြန်မာမှတစ်ဆင့် ဒူဘိုင်းသို့ ရွှေတင်ပို့ရေးကုမ္ပဏီသုံးခု ခွင့်ပြုရန်ရှိဟုဆို

ဥရောပသို့ ရွှေဆိုင်းများတင်ပို့ရန်နှင့် အာဖရိကမှရွှေများကို မြန်မာနိုင်ငံမှတစ်ဆင့် ဒူဘိုင်းသို့တင်ပို့နိုင်ရေးအပါအဝင် ကုမ္ပဏီသုံးခုအား ရွှေတင်သွင်း၊ တင်ပို့ခြင်းခွင့်ပြုရန်ရှိကြောင်း ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။ အခွန်ကိစ္စများညှိနှိုင်းပြီးစီးပါက ခွင့်ပြုမည်ဖြစ်ပြီး အချို့ကုမ္ပဏီများသည် ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမား၍ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ ခွင့်ပြုချက်ယူရန် တိုက်တွန်းခဲ့သည်ဟုဎင်းကဆိုသည်။ ကုမ္ပဏီသုံးခုဆွေးနွေးတာပါ။ အကုန်လုံးတော့ ခွင့်ပြုဖို့ရှိပါတယ်။ အခွန်ကိစ္စတွေကြောင့် မြတ်၊ မမြတ် တွက်ချက်နေကြတာပါဟု ဦးမျိုးမြင့်ကပြောကြားသည်။ ဥရောပသို့ ရွှေဆိုင်းများတင်ပို့ရန် ပြည်တွင်းကုမ္ပဏီတစ်ခုက စီစဉ်ခြင်းဖြစ်ပြီး ရွှေဆိုင်းများအလှဆင်ရန် ပထမဆုံး တင်ပို့ရောင်းချခြင်းဖြစ်သည်။ ဒူဘိုင်းကုမ္ပဏီတစ်ခုသည် အာဖရိကရှိ သန့်စင်မှုအဆင့် ၉၂ ရာခိုင်နှုန်းရှိသည့်ရွှေများကို ပြည်တွင်းသို့တင်သွင်း၍ ၉၉ ရာခိုင်နှုန်းအဆင့်ထိသန့်စင်ကာ ဒူဘိုင်းသို့ပြန်လည်တင်ပို့ရန်ဖြစ်သည်။ ရွှေတင်သွင်းမှု အနည်းဆုံး လေးတန်မှ ၁၀ တန်အထိ ဖြစ်လာနိုင်သည်ဟုဆိုသည်။ ပြည်တွင်းမှကုမ္ပဏီတစ်ခုသည် ဟောင်ကောင်သို့ ရွှေတင်ပို့ခြင်းနှင့် ဟောင်ကောင်မှ ပြည်တွင်းသို့ပြန်လည်တင်သွင်းခြင်း ဆောင်ရွက်ရန်ဖြစ်သည်ဟုဆိုသည်။ ရွှေတင်ပို့၊ တင်သွင်းရာတွင် ကြိုတင်ခွန် ၂ ရာခိုင်နှုန်း၊ အထူးကုန်စည်ခွန် ၅ ရာခိုင်နှုန်းနှင့် ဝင်ငွေခွန်များပါဝင်ပြီး ဝန်ဆောင်ခစရိတ်သုညဒသမ ၀၃ ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်သည်။

အစိုးရက ရွှေပြည်ပတင်ပို့၊ တင်သွင်းခြင်းကို ၂၀၁၈ ဇန်နဝါရီတွင် ပထမဆုံး တရားဝင်ခွင့်ပြုကြောင်း ကြေညာခဲ့သည်။ ရွှေများကို တင်သွင်း၊ တင်ပို့ရာတွင် ပင်လယ်ရေကြောင်း၊ လေကြောင်းနှင့် နယ်စပ်ဂိတ်များက ပြုလုပ်နိုင်ပြီး အကောက်ခွန်၊ ကုန်သွယ်ရေးလုပ်ငန်းခွန်၊ အထူးကုန်ပစ္စည်းခွန်များ ပေးဆောင်ရမည်ဖြစ်သည်။ ရွှေလက်ဝတ်ရတနာပို့ဆောင်ခြင်းတွင် ဂျပန်နိုင်ငံသို့ ပြည်တွင်းကုမ္ပဏီတစ်ခုက သုံးကြိမ်တင်ပို့ထားပြီးဖြစ်သည်ဟု ဦးမျိုးမြင့်ကပြောသည်။

**Source:** https://7daydaily.com/story/166188

## လက်ရှိတွင် မျိုးစေ့များကို ပြည်ပနိုင်ငံများမှတင်သွင်းနေရပြီး လာမည့်ငါးနှစ်သို့မဟုတ် ၁၀ နှစ်အတွင်း မျိုးစေ့တင်ပို့ရောင်းချသည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရေးဆောင်ရွက်လျက်ရှိ

လက်ရှိကာလတွင် မျိုးစေ့များကို ပြည်ပနိုင်ငံများမှ တင်သွင်းနေရပြီး လာမည့်ငါးနှစ်သို့မဟုတ် ၁၀ နှစ်တာ ကာလအတွင်း မျိုးစေ့တင်ပို့ရောင်းချသည့် နိုင်ငံအဖြစ်ရပ်တည်နိုင်ရေး မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှသိရသည်။ အဆိုပါမျှော်လင့်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မျိုးစေ့ကဏ္ဍရှိ ပါဝင်ပတ်သက်နေသူများဖြစ်သည့် စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ မျိုးစေ့ဌာနခွဲ၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာနနှင့် အကောက်ခွန်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစသည့် ဌာနဆိုင်ရာများ၊ မျိုးစေ့ထုတ်ကုမ္ပဏီများ၊ မျိုးစေ့ထုတ်လုပ်သည့် တောင်သူအစုအဖွဲ့များအားလုံးတို့က ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောကြားသည်။

ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များနှင့် ကြုံတွေ့နေရသည့်အတွက် ရာသီဥတုဖောက်ပြန်မှုကို မြန်မြန်ဆန်ဆန် ပြန်လည်တုံ့ပြန်နိုင်မည့် မျိုးကောင်းမျိုးသန့်များ၊ မျိုးသစ်များဖြင့် အစားထိုးပြောင်းလဲနိုင်မှသာ တောင်သူများ၏ ဝင်ငွေတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ၏အသားတင်ထုတ်လုပ်မှုတန်ဖိုး GDP တိုးတက်ရေးကို အထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

မျိုးစေ့ကဏ္ဍတွင် လက်ရှိကျင့်သုံးနေသော ဥပဒေလုပ်ထုံးလုပ်နည်းများကို ပုဂ္ဂလိကကဏ္ဍက အဆင်ပြေစွာလိုက်နာ နိုင်ရန် ပြန်လည်သုံးသပ်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားအဆင့် ဆွေးနွေးပွဲများကျင်းပပြီး မျိုးစေ့ကဏ္ဍတွင် ပါဝင်ပတ်သက်သူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ မျိုးကောင်းမျိုးသန့်များကို တောင်သူများ အလွယ်တကူရရှိအသုံးပြုနိုင်ရန် မျိုးစေ့ထုတ်လုပ်မှုတွင် မျိုးစေ့အဆင့်အလိုက် သက်ဆိုင်ရာမျိုးစေ့ထုတ်လုပ်သူများက ဆောင်ရွက်ပြီး ဈေးကွက်နှင့်ကိုက်ညီသည့်မျိုးများ၏ လိုအပ်သည့်ပမာဏအား စိုက်ပျိုးရာသီနှင့်အချိန်ကိုက် ထုတ်လုပ်နိုင်ရန်အတွက် မျိုးစေ့ထုတ်လုပ်မှု စနစ်တစ်ရပ်တည်ဆောက်နိုင်ရန် ကြိုးပမ်းနေကြောင်းသိရသည်။ စီးပွားဖြစ်မျိုးစေ့ ထုတ်လုပ်မှု ဖွံ့ဖြိုးလာရေးကို မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် WHH (Welthungerhilfe) က ကူညီဆောင်ရွက်ပေးလျက် ရှိသည်။

**Source:** https://news-eleven.com/article/134611

## နှမ်း၊ မြေပဲပေါ်ခါစအချိန် နှမ်းဈေး၊ မြေပဲဈေးထိုးကျသောကြောင့် သီးနှံများဈေးကောင်းရရန် မကွေးတိုင်းမှ တောင်သူများမျှော်လင့်



မကွေးတွင် နှမ်းသစ်ပေါ်စအချိန် နှမ်းဈေး၊ မြေပဲဈေးများ ထိုးကျသောကြောင့် တောင်သူများတွက်ခြေမကိုက်၊ အရှုံးပေါ် အခက်ကြုံနေရပြီး နှမ်းဈေး၊ မြေပဲဈေးဈေးမြင့်လာရန် တောင်သူများမျှော်လင့်နေကြကြောင်း မကွေးနှမ်းစိုက်တောင်သူများထံမှသိရသည်။ စက်တင်ဘာ ၁၁ ရက်က နှမ်းနက်တစ် တင်းလျှင် ကျပ် ၉၁၀၀၀ ရှိခဲ့ရာ စက်တင်ဘာ ၁၂ ရက်က ကျပ် ၈၀၀၀၀ ပတ်လည်ဈေးရှိပြီး နှမ်းဖြူတစ်တင်း ကျပ် ၆၀၀၀၀ မှ ကျပ် ၅၀၀၀၀ အထိ ဈေးသိသိသာသာထိုးကျခဲ့သည်။ မိုးမြေပဲတစ်တင်း ကျပ် ၁၈၀၀၀ မှ ကျပ် ၁၃၀၀၀ ပတ်လည်ဈေးအထိ ဈေးကျဆင်းလာသည်ဟု ပွဲရုံလုပ်ငန်းရှင်များထံမှသိရသည်။

မကွေးဈေးကွက်တွင် ဆီထွက်သီးနှံပေါ်စအချိန်မှာပင် နှမ်းဈေး၊ မြေပဲဈေးအေးနေသည်။ မိုးအဆက်မပြတ်ရွာနေလို့ နှမ်းတောင်သူတွေက တချို့နှမ်းမခါရသေးဘူး။ နေပူချိန် မိုးမမိအောင် လူအားနဲ့နှမ်းခါနေရတယ်။ နှမ်းခါဈေးက နှမ်းတစ်ပုံ ကျပ် ၇၀၀၀ လျှော့ပြီးပြာပြီးပေးရတယ်။ လုပ်အားခဈေးကြီးတယ်။ မြေပဲတစ်တင်းဆွတ်ခ ကျပ် ၂၀၀၀ ပေးရတယ်။ လုပ်သားရှားလို့ အိမ်ကကလေးတွေပါ မြေပဲဆွတ်ရတယ်။ နှမ်းပဲပေါ်ချိန် နှမ်းဈေး၊ ပဲဈေးကျလို့ တောင်သူတွေအရှုံးပေါ်နေတယ်။ ဈေးကောင်းရစေချင်ပါတယ်ဟု တောင်သူတစ်ဦးကဖွင့်ဟသည်။

**Source:** https://myanmar.mmtimes.com/news/128343.html

## အမေရိကန်နှင့်တရုတ် အခွန်အကောက်တွေကြောင့် ၂၀၂၀ မှာ ကမ္ဘာ့ဂျီဒီပီလျော့ကျသွားစေနိုင်ဟု IMF ထုတ်ပြန်

အမေရိကန်နဲ့ တရုတ်တို့ချမှတ်တဲ့ အခွန်အကောက်တွေကြောင့် လာမယ့် ၂၀၂၀ မှာ ကမ္ဘာ့စီးပွားရေးထုတ်လုပ်နိုင်မှု လယ်ဗယ်ကို ၀ ဒသမ ၈ ရာခိုင်နှုန်း လျော့ကျသွားစေနိုင်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ IMF က ထုတ်ပြန်သွားပါတယ်။ ဒါ့အပြင် လာမယ့် နှစ်တွေထဲမှာ ထပ်တိုး ဆုံးရှုံးမှုတွေလည်း ကြုံလာရစေနိုင်ကြောင်း ယင်းကသတိပေးပါတယ်။

ကမ္ဘာ့ကုန်သွယ်ရေး တင်းမာမှုတွေဟာ လက်ရှိမှာ ကမ္ဘာ့စီးပွားရေးရဲ့ အင်အားအပေါ် ဖိစီးမှုတွေစဖြစ်နေပြီဖြစ်ကြောင်း၊ ကမ္ဘာ့စီးပွားရေးကတော့ ယခင်ကတည်းက ခက်ခဲတဲ့စိန်ခေါ်မှုတွေ ရှိထားနှင့်ပြီးဖြစ်ကြောင်း IMF ပြောရေးဆိုခွင့်ရှိသူ Gerry Rice က ပြောသွားပါတယ်။ ၂၀၁၇-၂၀၁၈ ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်း ကာလနောက်ပိုင်း မမြင်တွေ့ခဲ့ရတဲ့ ကုန်ထုတ်လုပ်မှုအားနည်းမှုလည်းရှိနေကြောင်း ၎င်းကပြောသွားခဲ့ပါတယ်။ IMF အနေနဲ့ လာမယ့်လမှာ စီးပွားရေးခန့်မှန်းချက်အသစ်တွေကို ထုတ်ပြန်ဖော်ပြဖို့ရှိနေတယ်လို့ သိရပါတယ်။

**Source:** economictimes.indiatimes.com/articleshow/71101020.cms...

SFJ Strategy First Journal

## လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်နေသည့် ချေးငွေစီမံကိန်း ၁၈ ခုရှိ

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်နေသည့် စီမံကိန်းပေါင်း ၂၀ ခန့်အနက် ချေးငွေစီမံကိန်းမှာ ၁၈ ခုခန့်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှသိရသည်။ စီမံကိန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်ရန်ပုံငွေဖြင့်သာမက နိုင်ငံခြားအကူအညီချေးငွေဖြင့်လည်း ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၉ ခုနှစ် ဇွန်လအထိ လယ်ယာကဏ္ဍဆိုင်ရာချေးငွေဖြင့် ဆောင်ရွက်သည့်စီမံကိန်း ၂၀ အနက် ဆောင်ရွက်ဆဲစီမံကိန်း ၁၈ ခုရှိပြီး အထောက်အပံ့စီမံကိန်း ၂၆၄ ခုအနက် ဆောင်ရွက်ဆဲ ၁၃၀ ကျော်ရှိကြောင်းသိရသည်။

စီမံကိန်းလျာထားချက်အတိုင်း မသုံးစွဲနိုင်ခြင်း၊ ရန်ပုံငွေပြန်အပ်ရခြင်း၊ ချေးငွေစီမံကိန်းပါ လုပ်ငန်းရပ်များ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်မဆောင်ရွက်နိုင်ပါက ကုန်ကျစရိတ်ကိုတိုးမြင့်စေခြင်းစသည့်ဆိုးကျိုးများ ရှိလာနိုင်ကြောင်း၊ စီမံကိန်း ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများ၊ စီမံကိန်းဒါရိုက်တာများက အထူးကြပ်မတ်ဆောင်ရွက်ရန်နှင့် ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူကပြောသည်။ လယ်ယာဖွံ့ဖြိုးရေးစီမံကိန်းတွေကို နိုင်ငံတော်ရန်ပုံငွေနဲ့သာမက နိုင်ငံခြားအကူအညီ အထောက်အပံ့၊ ချေးငွေတွေနဲ့ဆောင်ရွက်

နေတယ်။ စီမံကိန်းကာလအတွင်းမှာ ငွေကြေးသုံးစွဲမှု စနစ်တကျရှိစေဖို့၊ အားနည်းချက်၊ အားသာချက်များ၊ လေလွင့်ဆုံးရှုံးမှုများမဖြစ်ပေါ်စေဖို့ သတ်မှတ်ကာလအတွင်း အပြီးဆောင်ရွက်ဖို့လိုတယ်ဟု ၎င်းကပြောသည်။

အဆိုပါ ချေးငွေစီမံကိန်းများနှင့် အထောက်အပံ့စီမံကိန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင် ရွက်ကြရန်နှင့် လုပ်ငန်းစီမံကိန်းများရွေးချယ်ရာတွင် စီမံကိန်းမစတင်မီ ကြိုတင်ဆန်းစစ်လေ့လာသုံးသပ်မှုလိုအပ်ကြောင်း၊ နိုင်ငံတော်၏ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် တန်ဖိုးနှင့်ညီသည့်ရလာဒ်များရရှိရေးမှာ အရေးကြီးကြောင်း ပြည်ထောင်စုဝန်ကြီးကဆိုသည်။ ထို့ပြင်နိုင်ငံခြားအကူအညီဖြင့် ဆောင်ရွက်သည့်စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် စီးပွားရေးကော်မတီ၏ ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ရန်လိုအပ်သလို လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် ညှိနှိုင်းဆဲဖြစ်ပါက စာချုပ်ပါအချက်များအတိုင်း အချိန်မီပြီးစီးရန်၊ နည်းပညာနှင့်ချေးငွေလုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်မှုကို စနစ်တကျဆောင်ရွက်ရန်လိုအပ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/SFJWeekly/posts/2661501263937149?__tn__=K-R

## တရုတ်နှင့် ဂျပန်တို့က ဝယ်လိုအားကောင်းလာခြင်းကြောင့် ဝဥဈေးကောင်းရနေ




တရုတ်နှင့် ဂျပန်နိုင်ငံတို့က မြန်မာနိုင်ငံက ဝဥများကို ဝယ်ယူမှုများပြားနေသည့်အတွက် ဈေးကောင်းရနေကြောင်း မန္တလေးမြို့ရှိ ပွဲရုံများထံမှသိရသည်။ လက်ရှိအချိန်တွင် ဝဥများ စတင်ထွက်ရှိလာပြီဖြစ်ပြီး ယခုနှစ်တွင် အထွက်နှုန်း ညံ့နေခြင်းကြောင့်လည်း ဈေးကောင်းရနေခြင်းဖြစ်ကြောင်းသိရသည်။ ဒီနှစ်က စပေါ်ချိန်မှာပဲ တရုတ်နဲ့ဂျပန်နိုင်ငံတွေက ဝယ်ယူတာလိုက်လာလို့ အဖွင့်ဈေးကောင်းရတယ်လို့ပြောရမယ်။ ဒ့ါပြင် အထွက်နှုန်းကနည်းတော့ ဈေးပိုရတာဖြစ်တယ်။ ဝဥမှာ အကောင်းဆုံးဖြစ်တဲ့ ဝဥခြောက် အဝါရောင်ဆိုရင် ဒီနှစ်မှာ တစ်ပိဿာကို ကျပ် ၁၀၇၀၀ အထိ အမြင့်ဆုံးဈေးရရှိနေပါတယ်ဟု အောင်မျိုးနိုင်ပွဲရုံပိုင်ရှင် ဦးမျိုးမြင့်ကပြောသည်။ ယခင်နှစ် စက်တင်ဘာလက ဝဥခြောက်တစ်ပိဿာလျှင် ကျပ် ၇၀၀၀ သာရှိခဲ့ရာမှ ယခုနှစ်တွင် ကျပ် ၁၀၇၀၀ အထိ ဈေးရရှိနေသည်။ ဝဥခြောက်တစ်ပိဿာ ဈေးနှုန်းများမှာ ဝဥအဝါရောင် ကျပ် ၁၀၇၀၀၊ အဖြူရောင် ကျပ် ၁၀၀၀၀၊ အနီရောင် ကျပ် ၉၀၀၀ ရှိကြောင်းသိရသည်။ ဒေသပေါင်းစုံကထွက်တဲ့ ဝဥတွေ ဈေးကွက်ထဲကိုဝင်လာပြီဖြစ်တယ်။ မနှစ်ကလောက် ထွက်နှုန်းမကောင်းပေမယ့် အဝယ်ကဒီနှစ်မှာများတော့ စိုက်တဲ့သူတွေ အဆင်ပြေကြတာပေ့ါ။ ဒါတောင် တရုတ်လိုင်းက ကောင်းကောင်းမပွင့်သေးလို့၊ အဲလိုပွင့်လာရင် ဒီထက် ဈေးကကောင်းလာနိုင်မယ်ထင်တယ်ဟု ၎င်းက ဆက်လက်ပြောသည်။ ဝဥပင်ကို မြစ်ကြီးနား၊ ကသာ၊ ထီးချိုင့်၊ ဗန်းမော်၊ ဝန်းသိုနှင့်မော်လမြိုင်မြို့တို့တွင်စိုက်ပျိုးပြီး နှစ်စဉ် ဩဂုတ်လမှအောက်တိုဘာအတွင်းထွက်ရှိသည်။

ချင်းပြည်နယ်တွင်မူ စက်တင်ဘာလတွင်စိုက်ပျိုးကာ ဇန်နဝါရီလကုန်ပိုင်းတွင် ထွက်ရှိကြောင်းသိရသည်။ ဒီနှစ်ကတော့ မနှစ်ကမရသေးတဲ့ ဈေးနှုန်းကိုရရှိတာဖြစ်သလို စံချိန်တင်ဈေးနှုန်း တစ်ခုအနေနဲ့လည်းရရှိနေတယ်။ ဝဥက အလေ့ကျပေါက်တာပဲဖြစ်ဖြစ်၊ သေသေချာချာစိုက်ပျိုးထားတာပဲဖြစ်ဖြစ် တူးပြီး ခွဲခြမ်းအခြောက်လှန်းကာ ဈေးကွက်ထဲ ရောင်းလို့ရတဲ့ သီးနှံဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့လည်း အပိုဝင်ငွေတစ်ခုအနေနဲ့ ရှာဖွေနိုင်တာပေ့ါဟု မန္တလေးမြို့ရှိ စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။

**Source:** https://www.facebook.com/thefarmermedia/posts/2455904111190427?__tn__=K-R

## မြန်မာ့သရက်သီးများ တရုတ်သို့ အဓိကထားတင်ပို့နေသော်လည်း နိုင်ငံတကာသို့ ချိတ်ဆက်နိုင်မှသာ တန်ချိန်များလာမည်ဖြစ်

မြန်မာ့သရက်သီးများ တရုတ်သို့ အဓိကထားတင်ပို့နေသော်လည်း နိုင်ငံတကာသို့ချိတ်ဆက်နိုင်မှသာ တန်ချိန်များလာမည်ဖြစ်ကြောင်း သရက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများကပြောသည်။ Global GAP လက်မှတ်ကို ပထမဆုံးရရှိခဲ့သော မြတ်ရတနာသရက်ခြံပိုင်ရှင် ဦးစိုးသန်းကသုံးသပ်ပြောကြားသည်။ အစိုးရဘက်က တချို့ကိစ္စတွေက လက်ရှိကုန်သွယ်ရေးပိုင်းကို မကျွမ်းကျင်တာလား၊ကိုယ်တောင်းဆိုရမှာကို မတောင်းဆိုတာတွေလည်းတွေ့ရတယ်။ အစိုးရကတောင်းဆိုရမှန်းမသိဘူး။ မကျွမ်းကျင်ဘူး။ ဌာနတွေများတယ်။ ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ဖို့တွေလိုမယ်။

စိုက်ပျိုးပြီးသားသီးနှံကို တင်ပို့ဖို့ကျတော့ စီးပွားကူးသန်းနဲ့ဆိုင်တော့ စိုက်ပျိုးရေးဌာနနဲ့ စီးပွားကူးသန်းအခုထက်ပိုပြီး ပူးပေါင်းဆောင်ရွက်ဖို့လိုမယ်လို့မြင်ပါတယ်ဟု ၄င်းကပြောသည်။

သရက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသော ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ဘက်ပေါင်းစုံက ပံ့ပိုးကူညီပေးရန်လိုအပ်ကြောင်း၊ အစိုးရချင်း ချိတ်ဆက်ဆောင်ရွက်မှုဖြင့် ညှိနှိုင်းဆွေးနွေးခြင်း၊ စိုက်ပျိုးသူများဘက်က အရည်အသွေးကောင်းမွန်ပြီး စံချိန်စံညွှန်းနှင့်ညီသော သီးနှံအမည်များထုတ်လုပ်ခြင်း၊ ကုန်သည်များဘက်ကလည်း ဈေးကွက်ရှာခြင်းတို့ကို ဆောင်ရွက်သင့်ကြောင်းသိရသည်။ အစိုးရအချင်းချင်းညှိနှိုင်းဆောင်ရွက်ပေးမှရမယ့်ကိစ္စတွေရှိမယ်။ တောင်သူကိုယ်တိုင်လုပ်လို့မရတာတွေရှိတယ်။ တရုတ်ကိုပို့မယ်ဆိုရင် မူဆယ်တစ်ပေါက်ပဲဖွင့်ထားတယ်။ လေယာဉ်နဲ့ ကွမ်ကျိုးပို့ချင်လည်းမရဘူး။ ဒါကြောင့် အစိုးရအချင်းချင်းညှိနှိုင်းရမယ်။ ဥပမာ-ထိုင်းနိုင်ငံမှာဆိုရင် သူ့နိုင်ငံကထွက်သမျှအသီးကို အစိုးရကဦးဆောင်တယ်။ ဈေးကွက်ကို ဘယ်လိုထိုးဖောက်ရမလဲညှိနှိုင်းပြီး ဈေးကွက်သေချာမှ တောင်သူကိုစိုက်ပျိုးခိုင်းတယ်။ ပြည်တွင်းမှာဆို ရှိရင်းစွဲဘာသီးနှံတွေရှိလဲ။ သီးနှံအမည်တွေများပြီး တကယ့်လက်တွေ့ကျ ဈေးကွက်မထိုးဖောက်နိုင်တာကျတော့ တောင်သူက ဖန်တီးယူလို့မရဘူး။ အစိုးရက စိတ်ဝင်စားမှုအားနည်းတာလား၊ မကျွမ်းကျင်တာလား မေးခွန်းထုတ်စရာဖြစ်လာတယ်ဟု ၄င်းက ဆက်လက်ပြောသည်။ စိန်တလုံးသရက်ကို တရုတ်သာမက စင်ကာပူ၊ ဥရောပ၊ အရှေ့အလယ်ပိုင်းဒေသများအထိ ဈေးကွက်ရှိသော်လည်း တန်ချိန်အနည်းငယ်မျှသာ တင်ပို့နိုင်သေးကြောင်းသိရသည်။

ထို့ကြောင့် အစိုးရအချင်းချင်း ချိတ်ဆက်တင်ပို့နိုင်လျှင် ရေရှည်တည်တံ့သောဈေးကွက်ကို ရရှိနိုင်မည်ဖြစ်ကြောင်း မန္တလေးရှိ သရက်စိုက်တောင်သူ ကိုမြင့်နိုင်ကပြောသည်။ ထို့ပြင်တောင်သူများ ရိတ်သိမ်းချိန်လွန်နည်းပညာကို ယခုထက်ပိုမိုကျယ်ပြန့်စွာ သိရှိရန်လိုအပ်ပြီး ဂျီအေပီအသိအမှတ်ပြုလက်မှတ် မဖြစ်မနေရယူထားရန်လိုအပ်ကြောင်းသိရသည်။ တောင်သူဘက်က သစ်သီးတွေ အရည်အသွေးကောင်းအောင် လုပ်ပေးထားရင် ဘယ်ကိုပဲဖြစ်ဖြစ် ရောင်းလို့ရမယ်။ စိုက်ပျိုးတောင်သူဘက်က အရည်အသွေးထိန်းကြရမယ်။ နောက်ပြီး တရုတ်ကလည်းသရက်စိုက်လာကြပြီ။ ပြည်တွင်းက ရာသီကုန်ချိန် သူတို့ဘက်ကစထွက်ပြီဆိုတော့ ဒါကိုအားသာချက်ယူရမယ်။ စိန်တလုံးအပြင် ရွှေဟသ်ာလည်း ဈေးကွက်ဝေစုရလာပြီ။ တောင်သူတွေကဈေးကွက်ရှိမယ့် သီးနှံကိုစိုက်ပျိုးဖို့လိုတယ်ဟု ဥရောပဈေးကွက်သို့ စိန်တလုံးသရက်ဈေးကွက်ရရှိရန်ထိုးဖောက်ခဲ့သူ ဦးစိုးသန်းကအကြံပြုပြောသည်။

**Source:** https://www.facebook.com/thefarmermedia/posts/2454365001344338?__tn__=K-R

## ပွင့်လင်းရာသီတွင် ငါးခြောက်ဈေးနှုန်းကျဆင်းနိုင်



လက်ရှိတွင် ငါးပိငါးခြောက်ပြုလုပ်သည့် ကုန်ကြမ်းများ ဈေးကွက်အတွင်း ပြန်လည်ဝင်ရောက်လာသည့်အတွက် လာမည့်ပွင့်လင်းရာသီတွင် ငါးခြောက်ဈေးနှုန်းများ ကျဆင်းလာနိုင်ကြောင်း မြန်မာနိုင်ငံ ငါးပိငါး ခြောက်၊ ငံပြာရည် ထုတ်လုပ်ရောင်းဝယ်သူများအသင်း အတွင်းရေးမှူး ဦးထွန်းစိန်၏ ပြောဆိုချက်အရသိရသည်။ ငါးမဖမ်းရရာသီသုံးလမှာ ငါးမဖမ်းရတော့ အခုငါးဖမ်းလှေတွေ ထွက်လို့ရပြီ ဆိုတော့ ငါးပေါပေါများများရပြီ။ နောက်နှစ်လဆိုရင် ငါးခြောက်ကောင်းကောင်းရနိုင်ပြီ။ ဈေးကွက်ထဲကို ကုန်ကြမ်းများများဝင်လာ တော့ ငါးခြောက်ဈေးနှုန်းကျလာမှာပါဟု ဦးထွန်းစိန်ကပြောသည်။

ယခုနှစ်တွင် ငါးမဖမ်းရရာသီကို သုံးလပိတ်ထားသည့်အတွက် ငါးခြောက်ပြုလုပ်ရန် မွေးမြူရေးရေချိုငါးတန်ကို အသုံးပြုနေရခြင်းကြောင့် ကုန်ကြမ်းရှားသည့်အတွက် မိုးရာသီတွင် ငါးခြောက်ဈေးနှုန်း နှစ်ဆခန့်မြင့်တက်သွားခြင်းဖြစ်သည်။ ပင်လယ်ငါးတော်တော်များများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်တယ်။ ငါးမဖမ်းရရာသီကို သုံးလပိတ်လိုက်တော့ လုပ်ငန်းရှင်တွေထိခိုက်တယ်။ ကုန်ကြမ်းပြတ်လပ်တဲ့အတွက် ငါးခြောက်လုပ်ငန်း လုပ်ကိုင်သူတွေလုပ်ငန်းထိခိုက်တယ်ဟု ဦးထွန်းစိန်ကပြောသည်။ ယခုနှစ်တွင် ငါးမဖမ်းရရာသီကို ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ သုံးလပိတ်လိုက်သောကြောင့် ကုန်ကြမ်းပြတ်လပ်မှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ စက်တင်ဘာ ၁ ရက်မှစကာ ငါးဖမ်းစက်လှေများ ပြန်လည်ထွက်ခွာခွင့်ရရှိပြီဖြစ်၍ ဈေးကွက်အတွင်း ငါးပေါများစွာရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။

**Source: Myawaddy**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/ 2335-dry-fish.html

## STOCK EXCHANGE (17.9.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 16th Sep. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | -500 | -4.17% | 11,500 | 12,000 | 11,500 | 4,126 | 48,736,500 | 27,112,747 | 311,797 |
| MTSH | 00002 | 4,500 | +100 | +2.27% | 4,500 | 4,500 | 4,500 | 5,663 | 25,483,500 | 38,929,150 | 175,181 |
| MCB | 00003 | 8,200 | -100 | -1.20% | 8,200 | 8,200 | 8,200 | 5 | 41,000 | 10,400,986 | 85,288 |
| FPB | 00004 | 25,000 | -1,000 | -3.85% | 25,500 | 25,500 | 25,000 | 780 | 19,554,000 | 2,472,053 | 61,801 |
| TMH | 00005 | 3,050 | -50 | -1.61% | 3,100 | 3,100 | 3,050 | 3,247 | 9,944,650 | 12,823,224 | 39,111 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 491.62 | -10.09 | -2.01% | 494.65 | 503.65 | 491.62 | 13,821 | 103,759,650 | 5 | 673,178 |

**Index chart**




# Market Overview

As of 11:00 am, 16th Sep. 2019

| MYANPIX | 503.65 ▲ 1.94 |
|---|---|
| Total Volume (shares) | 4,462 |
| Total Value (MMK) | 29 mil |
| Listed Company | 5 |
| Market Cap. (MMK) | 689,651 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 4,500 | ▲ 100 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 25,500 | ▼ 500 |
| TMH | 00005 | 3,100 | ▲ 0 |